# တယ်ဟုန်တောင်သူများ၏ အင်တာနက်ဘဝစုံလင်ပေါ်များ

"ကြည့်ပါလား။ လွန်ခဲ့တဲ့(၃)နာရီက ဝဂ်ဆိုက်မှာတင်လိုက်တဲ့ ထူးခြားတဲ့ ဟင်းကိုမှာတဲ့ အချက်အလက်တွေကို အခုဝင်ကြည့်တဲ့လူ(၁၅၆)ဦး ရှိသွားပါပြီ။ စားပွဲ(၂)ဝိုင်းတောင်ကြိုတင်အော်ဒါမှာသွားသေးတယ်လေ။"တယ်ဟုန်တိုင်(ရှမ်း)တိုင်းရင်းသား ဂျင်းဖောတိုင်းရင်းသားကိုယ်ပိုင်အုပ်ချုပ်ရေးပြည်နယ်ခွဲ မန်စီမြို့၊ မန်ကိုကျေးရွာမှာ တောရွာစားသောက်ဆိုင်အသစ်ဖွင့်လှစ်လိုက်သော တောက်ဟန်က ယခုရက်ပိုင်းသတင်းထောက်ကို အွန်လိုင်းပေါ်မှအောင်မြင်မှုကိုကြွားဝါလိုက်သည်။ အမှန်မှာသူမွေးမြူထားသော ခြံပေါက်တောကြက်၊ ဟင်းသီးဟင်းရွက်များဖြင့် ချက်ထားသည့် ဟင်းလျာများကို ဗီဒီယိုဓာတ်ပုံများရိုက်ကူးကာ အင်တာနက်ပေါ်တင်ပြီးကြိုတင်မှာကြားအော်ဒါများကို လက်ခံလိုက်ခြင်းပင်ဖြစ်သည်။

"ကျွန်တော်တို့ရွာက တောထဲမှာဖြစ်နေတယ်လေ။ လွန်ခဲ့တဲ့နှစ်တွေက ဖုန်းဆက်ချင်တာတောင် လက်ကိုင်ဖုန်းကိုကိုင်ပြီး လိုင်းကိုမနဲလိုက်ရှာနေရတယ်လေ။ ကောင်းကောင်းတောင်မပြောရသေးဘူး၊ ဖုန်းလိုင်းကပျောက်သွားပြီလေ။ အခုဆိုရင် 4Gလိုင်းတွေတောင် အပြည့်ရနေတယ်လေ။ WiFiလည်းတက်လို့ရတယ်။ လက်ကိုင်ဖုန်းနဲ့ဂိမ်းကစားလို့လည်းရတယ်။ အရမ်းကိုအဆင်ပြေနေတယ်လေ။" တောက်ဟန်ကတစ်ဖက်က လက်ကိုင်ဖုန်းဆော့ရင်းတစ်ဖက်ကပြောပြနေသည်။ "အရင်တုန်းကလျှပ်စစ်မီတာခပေးတာတို့၊ ကားလက်မှတ်ဖြတ်တာတို့ကို မြို့ထဲသွားပြီးလုပ်ရတယ်လေ။ အခုဆိုရင် အိမ်နေရင်းနဲ့လက်ညှိုးကလေးနှိပ်လိုက်တာနဲ့ အားလုံးအဆင်ပြေရနေပြီလေ။"

ဖိုင်ဘာလေးတစ်ချောင်းထဲဖြင့် ဝေးလံသောကျေးရွာနှင့် မြို့ပြတို့ကြားအကွာအဝေးကို ပိုမိုပြီးနီးကပ်လာအောင် ဆွဲနိုင်ခဲ့ပြီဖြစ်သည်။ "Broadband ကျေးရွာ"ရွာသားများအကျိုးပြုစီမံကိန်းသည် တယ်ဟုန်ပြည်နယ်ခွဲကျေးရွာအားလုံးမှာ ကျယ်ပြန့်စွာအသုံးချနိုင်ပြီဖြစ်သည်။

ယမန်နှစ်မတ်လမှာ တယ်ဟုန်ပြည်နယ်ခွဲနှင့် China Telecom တယ်ဟုန်ကုမ္ပဏီခွဲတို့အကြား "Broadband ကျေးရွာ"ရွာသားများအကျိုးပြုစီမံကိန်း ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်စာချုပ်ကို ချုပ်ဆိုနိုင်ခဲ့ပါသည်။ "Broad band"ကို ကျေးရွာသို့ဖွံ့ဖြိုးမှုတိုးမြင့်ခြင်းကို ပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်သည်။ ထို့အပြင် ၂၀၁၈ခုနှစ်တွင် ပြည်နယ်ခွဲမှ ကျေးရွာအားလုံးမှာ 100Mb Broadband လွှမ်းမိုးမှုအား(၈၀%) ရောက်ရှိနိုင်အောင် အကောင်အထည်ဖော်ဆောင်မည်ဖြစ်ပြီး ကျေးရွာမိသားစု Broadband ကျယ်ပြန့်စွာအသုံးချမှု(၃၅%)ပန်းတိုင်ရောက်ရှိနိုင်အောင်ကြိုးပမ်းဆောင်ရွက်ကြမည်ဖြစ်သည်။

အဆက်မပြတ်ရှည်လျားနေသော "အိုင်တီအချက်အလက်အမြန်လမ်း" တလျှောက်လျှောက်လှမ်းရင်း သတင်းထောက်တို့သည် ကျေးရွာထဲသို့ဝင်ရောက်ကာရွာသူရွာသားများနှင့်အတူ "Broadbandကျေးရွာ"က ရွာသားများအပေါ်ပေးအပ်လာသော ပျော်ရွှင်မှုများကို မျှဝေခံစားနေပါတော့သည်။

ဂွမ်း၊ ဂွမ်း၊ ဂွမ်း၊ ကျယ်လောင်သော ရှမ်းအိုးစည်အသံအကြားမှာ မန်ဟွမ့်ရွာမှ ကျေးရွာခေါင်းဆောင်မော့အိုက်ရှန်းကျောင်သည် ရွာမှတင်ဆက်မှုအဖွဲ့ကိုဦးဆောင်ကာ ဆင်ခြေထောက်ဗုံအကကို ကပြတင်ဆက်နေကြသည်။ ဓာတ်ပုံရိုက်ရန် လူသီးသန့်စီစဉ်ထားသေးသည်။



မော့အိုက်ရှန်းကျောင်းက အိမ်ကအင်တာနက်အပေါ်မှာ သတင်းအချက်အလက်များကို ရှာဖွေကြည့်ရှုနေပုံ။

အဆိုပါ "(၈၀)ဆယ်စုနှစ်နောက်မှမွေးဖွားသူ" ရွာခေါင်းဆောင်သည် အင်တာနက်ကွန်ယက်ကို အသုံးချပြီး ကျေးရွာမှ ပုန်းလျှိုးနေသည့် တိုင်းရင်းသားယဉ်ကျေးမှုကို မိတ်ဆက်ဖော်ထုတ်ပေးရန် အလွန်ပင်ကျွမ်းကျင်လှပါသည်။ "ရွာမှာ လုပ်ရှားမှုတင်ဆက်မှုတွေကို ကျင်းပတိုင်းဗီဒီယိုရိုက်ပြီး အင်တာနက်ကနေဖြစ်ဖြစ် QQ၊ wechatတို့ကနေဖြစ်ဖြစ် အွန်လိုင်းပေါ်တင်လိုက်တယ်လေ။ ပိုပိုများတဲ့လူတွေကို မန်ဟွမ့်ရွာက ဆင်ခြေထောက်ဗုံအကကို မြင်တွေ့စေမယ်လေ။" စသည်ဖြင့် မော့အိုက်ရှန်းကျောင်ကပြောပြသည်။

"အင်တာနက်ရှိတော့ အတော်လေးအဆင်ပြေတယ်လေ။ ကျွန်တော်အိမ်ဆောက်တဲ့အခါ ကြမ်းခင်းသစ်ချောင်းပါကေးတွေကို အွန်လိုင်းကနေဝယ်ခဲ့တယ်လေ။ သားရဲ့ကစားစရာနဲ့ နေ့စဉ်သုံးပစ္စည်းတွေအားလုံးကို အွန်လိုင်းကနေပဲဝယ်တာပဲလေ။ "မော့အိုက်ရှန်းကျောင်ကပြောပြသည်။ အားလပ်သည့်အချိန်မှာ Eကော်မာရှယ်ပလက်ဖောင်းပေါ်မှာ လယ်ယာထုတ်ကုန်အချို့ကိုလည်း အရောင်းအဝယ်လုပ်လိုက်သေးသည်။ အကြီးမားဆုံးအရောင်းအဝယ်မှာ ယမန်နှစ်ယောက္ခထီးအတွက် စိုက်မြေ(၂)မူမှလိမ္မော်သီးများကို ရောင်းပေးလိုက်ခြင်းပင်ဖြစ်သည်။


"Broad band ကျေးရွာ-စီမံကိန်း အကောင်အထည်ဖော်လိုက်ခြင်းသည် "Broad band"ကို ကျေးရွာအနှံ့အိမ်တိုင်းအိမ်တိုင်းသို့ရောက်ရှိစေကာ ရွာသူရွာသားများ အင်တာနက်ကွန်ယက်၏ အကျိုးကို ခံစားစေခြင်းပင်ဖြစ်သည်။ အင်တာနက်မှတစ်ဆင့် ရသစုံလင်သောလူဘဝကို ခံစားစေပါတော့သည်။ ယခုနှစ်ပထမနှစ်ဝက်မှာ China Telecom အင်တာနက် ကွန်ယက်အရင်းအမြစ်သည် တယ်ဟုန်ပြည်နယ်ခွဲ၏ ကျေးရွာပေါင်း(၅၁)ခု၊ အုပ်ချုပ်ရေးရွာပေါင်း(၃၅၉)ခုနှင့် သဘာဝရွာပေါင်း(၁၅၄၉)ခုကို လွှမ်းခြုံထားနိုင်ခဲ့သည်။

(စာ၊ပုံ-ဝမ်ယွင်ရွှေ)

# ပင်လယ်ရပ်ခြားတရုတ်မျိုးဆက်သစ်လူငယ်များ နွေရာသီစခန်းကူမင်းမှာကျင်းပ

ယခုရက်ပိုင်းမှာ ၂၀၁၇ခုနှစ် ပင်လယ်ရပ်ခြား တရုတ်လူမျိုးမျိုးဆက်သစ်လူငယ်များ တရုတ်ပြည်ဘိုးဘေးအမြစ်ရှာဖွေရေးခရီးစဉ် ယူနန်နွေရာသီစခန်းကို ကူမင်းမှာကျင်းပကြောင်းသိရပါသည်။ ကမ္ဘာ့နေရာအနှံ့မှ ရောက်ရှိလာကြသော ပင်လယ်ရပ်ခြားတရုတ်လူမျိုးမျိုးဆက်သစ်လူငယ်များသည် ယူနန်ပုံစံတောင်ပံမာလေတံခွန်များကို လုပ်ကြယင်းယူနန်၏ ဒြပ်မဲ့ယဉ်ကျေးမှု၏ တမူထူးခြားသော ဆွဲဆောင်မှုစွမ်းအားကို ခံစားခဲ့ကြသည်။

ယခုအကြိမ် ယူနန်နွေရာသီစခန်းသည် (၁၀)ရက်ကြာဖြစ်သည်။ အဖွဲ့ဝင်လူငယ်များသည် တရုတ်ယဉ်ကျေးမှုဗဟုသုတများ၊ တရုတ်တိုင်းရင်းသားရိုးရာအကများ စသည်တို့ကိုလေ့လာဆည်းပူးကြကာ ကူမင်းနှင့်လိကျန်းသို့ လေ့လာရေးခရီးထွက်ကြသည်ဖြစ်ပြီး ယူနန်၏ဒေသခံရိုးရာယဉ်ကျေးမှုများကို လက်တွေ့ခံစားနိုင်ကြသည်ဖြစ်သည်။



# စူးကျယ် - လုပ်ငန်းကိုချစ်သည်၊ ကူမင်းကိုချစ်သည်

စူးကျယ်သည် ကူမင်းကုန်စည်ပြပွဲ၏ ဖောက်သည်ကြီးဖြစ်သည်။ သူသည် ညီအစ်ကိုများနှင့်(၇)နှစ်ဆက်တိုက်ကူမင်းကိုလာရောက်ပြီး ကြီးကျယ်ခမ်းနားသည့်ကုန်စည်ပြပွဲနှင့် ဗုဒ္ဓအနုပညာပြပွဲကို ပါဝင်တက်ရောက်ခဲ့ကြသည်။

"(၇၀)ဆယ်စုနှစ်နောက်မှမွေးဖွားသူ" စူးကျယ်သည် နီပေါနိုင်ငံမှမိရိုးဖလာလက်မှုအနုပညာရှင်ဖြစ်သည်။ ပထမအကြိမ် တရုတ်-တောင်အာရှကုန်စည်ပြပွဲကို ပါဝင်တက်ရောက်ပြီးကတည်းက စူးကျယ်သည် ကုန်စည်ပြပွဲ၏ဖောက်သည်ကြီးဖြစ်လာပါတော့သည်။ နှစ်စဉ်ဇွန်လမှာ အမြဲလာရောက်လျက်ရှိနေပါသည်။ သူ၏ပြခန်းမှပြသထားသော ဗုဒ္ဓရုပ်ပွားတော်အရေအတွက် မများလှသော်လည်း လူအများအပြားလာရောက်ကြည့်ရှုလေ့လာရန် ဆွဲဆောင်မှုအားကောင်းနေပါသည်။ အချို့မှာတစ်ဖက်ကဓာတ်ပုံရိုက်နေရင်း ချီးမွမ်းသံမပြတ်ဖြစ်နေပါသည်။

စူးကျယ်သည် မိရိုးဖလာဗုဒ္ဓရုပ်ပွားတော်အရောင်းမှာ ထူးခြားသူဖြစ်နေသည်သာမက အဆိုပါအနုပညာလက်ရာများကို ဒီဇိုင်းဆွဲသူထုတ်လုပ်သူလည်းဖြစ်နေပါသည်။ "ဒီလက်ရာတွေကိုကြည့်ပါလား။ ဒီဒီဇိုင်းတွေကကျွန်တော်မိရိုးဖလာပုံစံကနေ အသစ်တီထွင်ထားတာလေ။ လက်ရာကသာမန်ဗုဒ္ဓရုပ်ပွားတော်လက်ရာထက် ပိုပြီးရှုပ်ထွေးတယ်လေ။ ကျွန်တော်တို့မျိုးရိုးကဒီဇိုင်းဆွဲတဲ့ကျောက်မျက်ရတာနာနဲ့ ဗုဒ္ဓရုပ်ပွားတော်လက်ရာက ခေတ်အဆက်ဆက်ရှိနေပြီလေ။ ဒီလက်ရာပြောင်မြောက်တဲ့ ဒီဇိုင်းတွေဟာကျွန်တော်ရဲ့သွေးထဲမှာ စီးဆင်းနေပြီလေ။" စူးကျယ်သည် လာရောက်လေ့လာသူများအား ဗုဒ္ဓရုပ်ပွားတော်လက်ရာနှင့်ပတ်သက်ပြီး အသေးစိတ်ရှင်းလင်းပေးရန် ဝန်မလေးပေ။ ဘေးကလုပ်အားပေးစကားပြန်မိန်းကလေးကလည်း တစ်ခေါက်ပြီးတစ်ခေါက်သေချာစေ့စပ်စွာဘာသာပြန်ပေးနေပါသည်။

စူးကျယ်ကပြောသည်မှာ-ယခုနှစ်ပိုင်းအချိန်အတွင်း သူ၏လက်ရာများအပေါ် Fans ချစ်သူ ကူမင်းမှာအများအပြားရှိနေပြီဖြစ်ကြောင်း၊ အားလုံးသည် ဦးစွာလေ့လာမှတည်နောက်ဆုံးဝယ်ယူသည့်အဆုံး သူတို့မိရိုးဖလာလက်ရာကို အသိအမှတ်ပြုနေခြင်းပင်ဖြစ်ကြောင်း၊ ယခုဆိုလျှင်ကူမင်းမှာ သူ့အတွက် တရုတ်အရောင်းအေဂျင်စီပင်ရှိနေပြီဖြစ်ကြောင်းစသည်ဖြင့် ပြောကြားသွားသည်။ "ကူမင်းကကျွန်တော်အတွက် လာဘ်ကောင်းကံကောင်းတာကို သယ်ဆောင်ပေးနေတယ်လေ။" စူးကျယ်ကရင်ထဲကစကားကို ဖွင့်ဟပြောဆိုသွားပါတော့သည်။

(လောရုံဆန်)